
(၄) အမည်းရောင်မှိုရောဂါ (Black mould)

ရောဂါဖြစ်စေသောသက်ရှိ - *Aspergillus niger* Tiegh

ရောဂါလက္ခဏာ

ရိတ်သိမ်းပြီးနောက် ဥနှင့်ကပ်လျှက် လည်တိုင်ပိုင်းတွင် အမည်းရောင်ပြောင်းခြင်း၊ အပြင်ဘက် အခွံများ ပေါ်တွင်ဒဏ်ရာများ၊ ခြောက်သွေ့သောအခွံအောက်တွင် အနက်ရောင် အစင်းကြောင်း များ ဖြစ်ပေါ်သည်။ ရောဂါပြင်းထန်ပါက ကြက်သွန်ဥ၏ မျက်နှာပြင်တစ်ခုလုံး မည်းသွားကာ တွန့်ရှုံ့သွားသည်။





ကာကွယ်နှိမ်နင်းနည်းများ

- ကြက်သွန် ပုပ်ခြင်းကို လျှော့ချရန် မစိုက်ပျိုးမီ အစေ့များကို မျိုးစေ့ လူးနယ် မှိုသတ်ဆေးတစ်မျိုးမျိုးဖြင့် လူးနယ်စိုက်ပျိုးပါ။
- ရိတ်သိမ်းချိန်နှင့် ရိတ်သိမ်းပြီးနောက်တွင် ကြက်သွန်ဥများ ဒဏ်ရာမရ အောင် ဆောင်ရွက်ပါ။
- အပူချိန် ၁၅°C (၅၉°F)အောက် တွင် သိမ်းဆည်းခြင်းသည် မှိုပြန့်ပွားခြင်းမှ ကာကွယ်ပေး သော်လည်း အပူချိန် တိုးလာသည်နှင့် အမျှ မှိုများပြန်လည် ပေါက်ပွား လာနိုင်သည်။
- Propiconazole (ပရိုပီကိုနာဇိုး)၊ Copper Oxychloride (ကော့ပါးအောက်ဆီကလို ရိုဒ်), Mancozeb (မန်ကိုဇက်), Zineb(ဇိနက်ဘ်), Captan (ကက်ပ်တန်) တို့ပက်ဖျန်းခြင်းသည် ရောဂါဖြစ်ပွားမှုကို လျှော့ကျစေသည်။